၇-၈-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည် ) | | | ဆီ (တစ်ပိဿာ ) | | စက်သုံးဆီ (တစ်လီတာ ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား ) | ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane ၉၅ | Octane ၉၂ | ဒီဇယ် (ရိုးရိုး ) | အဆင့်မြင့်ဒီဇယ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၈၅၀၀ | ၂၆၀၀၀ | ၉၉၈၅ | ၄၅၆၀ | ၄၅၀၅ | - | ၄၈၃၀ | ၇၉၀၀၀၀၀ | |
| ၂ | လားရှိုး | ၅၀၀၀ | | ၈၀၀၀ | | ၈၂၀၂ | ၃၀၉၅ | ၃၁၄၀ | ၂၈၇၀ | ၃၅၂၀ | ၇၉၀၀၀၀၀ | |
| ၃ | ကျိုင်းတုံ | ၅၂၀၀ | | ၇၈၀၀ | ၂၃၀၀၀ | - | ၄၆၀၀ | - | - | ၄၆၀၀ | ၇၆၁၀၀၀၀ | |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၇၁၅၉ | ၃၀၆၀ | ၃၀၀၅ | ၂၈၃၅ | ၃၄၈၅ | ၇၇၆၀၀၀၀ | |
| ၅ | လွိုင်ကော် | ၃၈၀၀ | | ၄၅၀၀ | ၂၀၀၀၀ | ၆၇၅၀ | ၃၀၈၅ | ၃၀၂၅ | ၂၈၆၀ | ၃၅၀၅ | ၇၇၅၀၀၀၀ | |
| ၆ | ဘားအံ | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၆၉၀၀ | ၃၀၂၅ | ၂၉၇၀ | ၂၈၀၀ | ၃၄၅၀ | ၇၇၅၀၀၀၀ | |
| ၇ | မော်လမြိုင် | ၂၈၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၆၈၃၈ | ၃၀၂၅ | ၂၉၇၀ | ၂၈၀၅ | ၃၄၅၀ | ၇၈၀၀၀၀၀ | |
| ၈ | ထားဝယ် | ၃၂၀၀ | | ၅၅၀၀ | ၂၇၀၀၀ | ၇၁၂၅ | ၃၀၇၀ | ၃၀၁၅ | ၂၈၅၀ | ၃၄၉၅ | ၇၈၃၀၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၂၅၀ | ၃၂၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၂၅၀ | ၇၇၅၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၁၀၀၀ | ၆၆၅၀ | ၂၉၃၅ | ၂၈၈၀ | ၂၇၁၅ | ၃၃၆၀ | ၇၈၁၀၀၀၀ | ၂၁၀၀ |
| ၁၁ | ပုသိမ် | ၃၀၀၀ | | ၄၈၅၀ | ၂၁၀၀၀ | ၇၀၀၀ | ၃၀၁၀ | ၂၉၅၀ | ၂၇၈၅ | ၃၄၃၀ | ၇၇၉၀၀၀၀ | |
| ၁၂ | စစ်တွေ | | | | | | | | | | | |
| ၁၃ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၃၃၄၀ | ၃၂၈၅ | ၃၁၁၅ | ၃၇၆၅ | ၇၉၀၀၀၀၀ | |
| ၁၄ | မုံရွာ | ၃၇၀၀ | | ၆၆၀၀ | ၁၇၅၀၀ | ၇၀၅၀ | ၃၀၉၀ | ၃၀၃၅ | ၂၈၆၅ | ၃၅၁၀ | ၇၇၆၀၀၀၀ | |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၃၃၅ | ၃၀၅၀ | ၂၉၉၅ | ၂၈၂၅ | ၃၄၇၅ | ၇၇၉၀၀၀၀ | |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၇၂၀၀ | ၃၀၅၅ | ၃၀၀၀ | ၂၈၃၅ | ၃၄၈၀ | ၇၇၈၀၀၀၀ | |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၄၀၀ | ၁၅၀၀၀ | ၇၁၂၅ | ၃၀၅၅ | ၃၀၀၀ | ၂၈၃၅ | ၃၄၈၀ | ၇၈၇၀၀၀၀ | |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၀၁၅ | ၂၉၈၁ | ၂၉၂၆ | ၂၇၅၆ | ၃၄၁၁ | ၇၉၀၀၀၀၀ | |
| ၁၉ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၀၁၅ | ၂၉၅၀ | ၂၈၉၅ | ၂၇၂၅ | ၃၃၇၅ | ၇၈၀၀၀၀၀ | |
| ၂၀ | ပျဉ်းမနား | ၂၈၀၀ | | ၆၀၀၀ | ၁၉၀၀၀ | ၆၉၄၀ | ၃၀၁၅ | ၂၉၆၀ | ၂၇၉၅ | ၃၄၄၀ | ၇၉၀၀၀၀၀ | |
| ၂၁ | နေပြည်တော် | ၂၈၀၀ | | ၆၀၀၀ | ၁၉၀၀၀ | ၆၉၄၀ | ၃၀၁၅ | ၂၉၆၀ | ၂၇၉၅ | ၃၄၄၀ | ၇၉၀၀၀၀၀ | |
| ၂၂ | ကလေး | ၃၂၀၀ | | | ၂၁၀၀၀ | ၉၀၀၀ | ၄၀၉၀ | ၄၀၃၅ | ၃၈၆၅ | ၄၅၁၀ | ၇၈၅၀၀၀၀ | |

**Source:** ပြည်တွင်းဌာနခွဲ

# The Consumer Affairs News Letter

Monthly News Letter | July 2025 | Department of Consumer Affairs

## စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ





စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်တို့အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားကြောင်း၊ အဆိုပါ စားသုံးသူရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ် ကျင်းပလျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၄-၆-၂၀၂၅ ရက်နေ့နှင့် ၁၂-၆-၂၀၂၅ ရက်နေ့တို့တွင်လည်းကောင်း၊ မွန်ပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၇-၆-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၄-၆-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၅-၆-၂၀၂၅

*၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။*

*စာမျက်နှာ ၃ ကော်လံ ၁ သို့*

## သတင်းခေါင်းစဉ်များ


**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၃

၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၃

၂။ (၁၁) ကြိမ်မြောက် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ညှိနှိုင်း ဆွေးနွေးမှုများအတွက် ယှဉ်ပြိုင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့အဆင့်အစည်းအဝေးတက်ရောက်ခဲ့မှု

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၄

၃။ EV ကားဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၄။ ရေသန့်စက်ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၅။ အင်ဗာတာဘက်ထရီဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ်ဖြေရှင်းပေးမှုအခြေအနေ

၆။ ဖုန်းပြုပြင်ရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ်ဖြေရှင်းပေးမှုအခြေအနေ

၇။ ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ

၈။ Consumer Call Center ဆိုင်ရာ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(၁/၂၀၂၅) ဖွင့်လှစ်

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၈

၉။ တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

၁၀။ ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

၁၁။ Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

၁၂။ ၂၀၂၅ခုနှစ်၊ ဇွန်အတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

၁၃။ အစားသောက်ရောင်းချသည့် ဝန်ဆောင်မှုကဏ္ဍနှင့်ပတ်သက်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု အခြေအနေ

၁၄။ ၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသားစိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၈

၁၅။ တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၆။ ပြည်နယ်များအတွင်း စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပ

၁၇။ ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှု

**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၂၃

၁၈။ ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

**ကုန်သွယ်မှုကဏ္ဍ**

၁၉။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာဈေးနှုန်းများ




*စာမျက်နှာ ၂၂ မှအဆက်*

လုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** နမ့်စန်မြို့နယ်၊ နမ့်မော်ခေါက်ဆင့် ကျေးရွာရှိ စားသုံးသူပြည်သူများ၊ ကျိုင်းတုံမြို့ အ. ထ. က (ခွဲ) အ. လ. က -၃ ကျောင်းနှင့် အ. ထ. က (၇) ကျောင်းတို့ရှိ ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ ကျိုင်းတုံခရိုင်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာပေး Talk Show အစီအစဉ် ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ပြည်နယ်ဦးစီးမှူးရုံး**

### ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှု

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းတို့နှင့် စပ်လျဉ်းသည့် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း အသိပညာပေးဟောပြောခြင်း၂၄၇ ကြိမ်၊ လုပ်ငန်းရှင်နှင့်တွေ့ဆုံဆွေးနွေးခြင်း ၃၁၉ ကြိမ်၊ သင်တန်းဖွင့်လှစ်ပို့ချခြင်း ၁၄ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။ **Source: ပညာပေး**

## သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

### ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း လုပ်ငန်းရှင်ပေါင်း ၅၁ ဦးက အပ်နှံလာသော သီးနှံအမျိုးအစား ၁၄ မျိုး၊ စုစုပေါင်းနမူနာအရေအတွက် ၁၁၁ ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၂၇၀ ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လယ်ယာထွက် ကုန်ပို့ကုန်များအား တရုတ်၊ ဂျပန်၊ ပါကစ္စတန်၊ အီတလီ၊ စပိန်၊ ဂျာမဏီ၊ ဖိလစ်ပိုင်၊ ခရိုအေးရှားနှင့် ပြင်သစ်နိုင်ငံတို့သို့ တင်ပို့နိုင်ရေးအတွက် စပါး၊ ဂျုံစေ့၊ နှမ်းနက်(သိပ္ပံ)၊ ဆန်ဖြူ၊ ဆန်ကွဲ၊ ပဲယင်း၊ ပဲတီစိမ်း၊ ပဲထောပတ်၊ ပဲစဉ်းငုံဖြူ၊ ပဲစာဥ၊ ပဲလွန်း၊ ပေါင်းဆန်၊ မတ်ပဲတို့တွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှု၊ သီးနှံဓာတုအရည်အသွေးနှင့် သီးနှံရူပအရည်အသွေးစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကိုလည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းလာသည့် စားအုန်းဆီများ၏ အရည်အသွေးများကို လည်းကောင်း ဓာတ်ခွဲစမ်းသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ခွဲခန်းမှ ၇၃ ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ၈ ခု၊ ဆီနှင့်ဆီထွက်သီးနှံဓာတ်ခွဲခန်းမှ ၁၄၁ ခု၊ သီးနှံဓာတုဓာတ်ခွဲခန်းမှ ၃၈ ခု၊ သီးနှံရူပဓာတ်ခွဲခန်းမှ ၁၀ ခု၊ စုစုပေါင်း ဓာတ်ခွဲစမ်းသပ်မှု ၂၇၀ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။ **Source: သတင်း/နည်း**

*စာမျက်နှာ ၂၁ မှ အဆက်*

စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း ဆောင်ရွက်မှုအနေဖြင့်-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် ရွှေမြင့်မိုရ်မုန့်တိုက်ရှိ စက်ရုံအလုပ်ရုံ လုပ်သားများ၊ ဝိုင်းမော်မြို့ အ.မ.က မူလွန်ကျောင်း၊ အမှတ် (၃) ရပ်ကွက်ရှိ ကျောင်းသားကျောင်းသူနှင့် ဆရာဆရာမများ၊ မိုးညှင်းမြို့ အောင်ချမ်းသာရပ်ကွက်နှင့် အောင်သပြေရပ်ကွက်ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများဟောပြောခဲ့ကြောင်း၊ မြစ်ကြီးနားမြို့ ခေမာရီသိရပ်ကွက်နှင့် မန်ခိန်ရပ်ကွက်ရှိ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်၊ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ ရပ်ကွက် (၁) ရှိ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်၊ မိုးညှင်းခရိုင်မြို့ရှိ စာရေးကိရိယာအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်နှင့် အားကစားပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်မြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မုဒုံမြို့နယ် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းရှိ သင်တန်းသားများ၊ ညောင်ကုန်းကျေးရွာ၊ မော်လမြိုင်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၊ ချောင်းဆုံမြို့နယ် အ.လ.က (ခွဲ) ကျောင်း၊ ကျိုက်မရောမြို့နယ် အ.မ.က (၅) မူလွန်ကျောင်း၊ သထုံမြို့နယ်



ဘုတလမ်း အ.မ.က ညောင်ဝိုင်းကျောင်း၊ အောက်ကျင်းရပ်ကွက် အ.မ.က ကန်ညီနောင်ကျောင်း၊ ပေါင်မြို့နယ် အ.မ.က ဇာကဒွန်းကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများတို့အား စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စားသုံးသူ ထိခိုက်နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့ပြင် ကျိုက်မရောမြို့နယ်၊ ချောင်းဆုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ် ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းအနေဖြင့် ပြည်နယ်ဦးစီးမှူးရုံး၌ သောက်ရေသန့်လုပ်ငန်းရှင်များနှင့် ယိုမျိုးစုံထုတ်လုပ်သည့်လုပ်ငန်းရှင်၊ မော်လမြိုင်မြို့ ကော့နှက်ကျေးရွာအနောက်ပိုင်းနယ်မြေ ၅ နှင့် ကော့နှက်ကျေးရွာအနောက်ပိုင်းနယ်မြေ ၈ တို့ရှိ ဆီစက်လုပ်ငန်းရှင်များ၊ ချောင်းဆုံမြို့နယ် ကော့နွတ်ကျေးရွာရှိ ဝါးခမောက်လုပ်ငန်းရှင်၊ မုဒုံမြို့နယ်ရှိ အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်းများရောင်းချသည့် လုပ်ငန်းရှင်၊ ပေါင်မြို့နယ် ကဒါရပ်ကွက်ရှိ စားအုန်းဆီလုပ်ငန်းရှင်တို့ တွေ့ဆုံပြီး စီးပွားရေး

*စာမျက်နှာ ၂၃ ကော်လံ ၁ သို့*



## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

*စာမျက်နှာ ၁ မှ အဆက်*


ရက်နေ့တွင်လည်းကောင်း၊ ချင်းပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ၃၀-၆-၂၀၂၅ ရက်နေ့တွင်လည်းကောင်း အသီးသီးကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။ **Source: ကော်မရှင်**

## ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

### (၁၁) ကြိမ်မြောက် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ညှိနှိုင်းဆွေးနွေးမှုများအတွက် ယှဉ်ပြိုင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့အဆင့် အစည်းအဝေး တက်ရောက်ခဲ့

အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (ASEAN-Canada Free Trade Agreement-ACAFTA) ညှိနှိုင်းဆွေးနွေးမှုများအတွက် ဧကဒသမအကြိမ် ယှဉ်ပြိုင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့အဆင့်အစည်းအဝေးများ (11th ASEAN-Canada Free Trade Agreement Working Group on Competition-ACAFTA WGC and Caucus) ကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ လူကိုယ်တိုင်နှင့် Virtual စနစ်တို့ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဘာသာရပ်တာဝန်ခံများက Virtual စနစ်ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ညှိနှိုင်းဆွေးနွေးမှုများအတွက် ယှဉ်ပြိုင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ အာဆီယံဥက္ကဋ္ဌဖြစ်သူ စင်ကာပူ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင် (CCCS) နိုင်ငံတကာ



ရေးရာ၊ ဆက်သွယ်ရေးနှင့် စီမံကိန်းဌာန၊ ညွှန်ကြားရေးမှူး Ms. Yvette Yoong နှင့် ကနေဒါနိုင်ငံ ယှဉ်ပြိုင်မှုဗျူရိုမှ ယှဉ်ပြိုင်မှုဥပဒေအရာရှိ Ms. Viktoriia Sorokina တို့က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြကြောင်း၊ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကနေဒါနိုင်ငံတို့၏ ယှဉ်ပြိုင်မှုကဏ္ဍမှ ကိုယ်စားလှယ်များ၊ စားသုံးသူကာကွယ်ရေးကဏ္ဍမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားစေရန်နှင့် တရားမျှတ၍ တာဝန်ယူမှု တာဝန်ခံမှုရှိသော စီးပွားရေးဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် ကနေဒါနိုင်ငံနှင့် အာဆီယံနိုင်ငံများရှိ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာ

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

စာမျက်နှာ ၃ မှအဆက်

ကွယ်ရေးကဏ္ဍများတွင် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အစည်းများအကြား တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရင်းအမြစ်တည်ဆောက်ရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်းစသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**Source: အာဆီယံ**

# စားသုံးသူတိုင်ကြားမှုနှင့်ဖြေရှင်းပေးမှုကဏ္ဍ

## EV ကားဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် Car Showroom တစ်ခုထံမှ BYD Atto3 အမျိုးအစား EV ယာဉ်အား Pre-Order တင်ပြီးစရံငွေကျပ် ၂၉,၇၀၀,၀၀၀/- ကို ပေးချေခဲ့သော်လည်း ကားအပ်နှံခြင်းမရှိသောကြောင့် တိုင်ကြားလာကြောင်း၊ တိုင်ကြားမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများမှ ၂၁-၅-၂၀၂၅ ရက်နေ့၌ တိုင်ကြားသူ တင်ပြထားသည့် စာရွက်စာတမ်းများနှင့် ပြေစာအထောက်အထားများအား မှန်ကန်မှုရှိ-မရှိ စုံစမ်းစစ်ဆေးခဲ့ရာ တိုင်ကြားသူမှ BYD Atto3 အမျိုးအစား EV ယာဉ်အား Pre-Order မှာယူစဉ်က ပေးအပ်ခဲ့သည့် စရံငွေကျပ် ၂၉.၇ သိန်းနှင့် ကားအပ်နှံခြင်းမရှိသည့် ၂ နှစ်ကျော်ကာလအတွင်း ၄င်းခံစားခဲ့ရသော နစ်နာဆုံးရှုံးမှုအတွက် ငွေကျပ် ၄၀၀ သိန်း၊ စုစုပေါင်းငွေကျပ် ၆၉.၇ သိန်း ပေးလျော်စေလိုသည်ဟု တင်ပြတောင်းဆိုခဲ့ကြောင်း၊ Car Showroom ပိုင်ရှင်မှလည်းဝင်းတို့၏ ပြေစာအထောက်အထားများ မှန်ကန်ပါကြောင်း၊ စရံငွေလည်း အမှန်တကယ်လက်ခံရရှိထားပါကြောင်း၊ မူဝါဒအပြောင်းအလဲပေါ်တွင် လိုက်ပါဆောင်ရွက်ရသည့်အတွက် ကားအပ်



နှံမည့် မေလကုန်တွင် ကားအပ်နှံနိုင်မှုမရှိခဲ့ပါဟု တင်ပြဆွေးနွေးခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများက နှစ်ဦးနှစ်ဖက်တင်ပြချက်များအပေါ် စိစစ်ပြီးနောက် စရံငွေကျပ် ၂၉.၇ သိန်းနှင့် နစ်နာဆုံးရှုံးမှုအတွက် ဒေါ်လာဈေး၊ ရွှေဈေး၊ ဘဏ်တိုးနှုန်းများကို အခြေခံတွက်ချက်ထားသည့် ပျမ်းမျှနှုန်းထားဖြစ်သော ငွေကျပ် ၂၂၅ သိန်း၊ စုစုပေါင်းငွေကျပ် ၅၂၂ သိန်းကို ငွေပြန်လည်ပေးစေရန် စီးပွားရေးလုပ်ငန်းရှင်အား ညှိနှိုင်းဆွေးနွေးခဲ့မှုကို နှစ်ဦးနှစ်ဖက်သဘောတူလက်ခံခဲ့ပြီး ၁၉-၆-၂၀၂၅ ရက်နေ့တွင် ဌာနမှတာဝန်ရှိသူများ ရှေ့မှောက်၌ ပြန်လည်ပေးလျော်ခဲ့သဖြင့် တိုင်ကြားသူမှလည်း ကျေနပ်လက်ခံမှုရရှိခဲ့သဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**



စာမျက်နှာ ၂၀ မှအဆက်

ပေးဆွေးနွေးခဲ့ကြောင်း၊ သန်လျင်ခရိုင်မြို့နယ်အတွင်း စည်ပင်သာယာမြို့မဈေးအပြင်တွင် ဖွင့်လှစ်ရောင်းချသည့် ကိတ်မျိုးစုံလုပ်ငန်းပိုင်ရှင်အား သွားရောက်၍ ကုန်အညွှန်းအမှတ်အသား များပြည့်စုံမှုမရှိသည့် စားသောက်ကုန်များအား ရောင်းချခြင်းမပြုလုပ်ကြရန်နှင့် ထိုသို့ပြုလုပ်ပါက စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့၍ သိလိုသည်များကို အမေးအဖြေများပြုလုပ်၍ ကွင်းဆင်းစစ်ဆေး၍ အသိပညာပေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မော်ကျွန်းမြို့၊ ဝါးခယ်မမြို့၊ အိမ်မဲမြို့၊ လပွတ္တာမြို့၊ မြောင်းမြမြို့၊ မအူပင်မြို့၊ ပန်းတနော်မြို့၊ မြန်အောင်မြို့၊ ညောင်တုန်းမြို့နှင့် ဓနုဖြူမြို့နယ်များရှိ စားသုံးသူပြည်သူများ၊ ညောင်တုန်းမြို့နယ် အုန်းပင်စုကျေးရွာရှိ စိုက်ပျိုးမွေးမြူရေးသင်တန်း တက်ရောက်သူများ၊ မအူပင်မြို့နယ် စည်ပင်ဈေးရှိ ဈေးသူဈေးသားများ၊ ကန်ကြီးထောင့်မြို့နယ် အမှတ် (၃) ရပ်ကွက်ရှိ ပြည်သူများ၊ ကံကြီးကျေးရွာနှင့် ကျုံသွပ်ကျေးရွာရှိ ရွာသူရွာသားများ၊ ပုသိမ်မြို့ရှိ Mytle ကုမ္ပဏီဝန်ထမ်းများနှင့် အသေးစားစက်မှုလက်မှုဦးစီးဌာနရှိ ဝန်ထမ်းများ၊ သာပေါင်းမြို့နယ်ရှိ အ. မ. က ကံကုန်းကျောင်း၊ အ. မ. က သံလျက်စွန်းကျောင်း၊ မြောင်းမြမြို့ အမှတ်(၄) ရပ်ကွက်ရှိ မူလွန်ကျောင်း၊ ပါရမီကျေးရွာ



အ. မ. က ကျောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် အ. လ. က မင်းကျောင်း၊ မအူပင်မြို့နယ် ချောင်းကြီးကျေးရွာ အ. ထ. က ကျောင်း၊ ဓနုဖြူမြို့နယ် ပင်ကွင်းကျေးရွာ အ. မ. က ကျောင်း၊ ဇလွန်မြို့၊ ဒိုက်အင်းကျေးရွာအုပ်စု အ. မ. က ကျောင်း၊ ဝါးခယ်မမြို့နယ် သံကြိုးတိုင် အ. မ. က ကျောင်းတို့ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စားသုံးသူအကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍ ပုသိမ်မြို့ရှိ စားသုံးဆီလုပ်ငန်းရှင်များနှင့် ဓနုဖြူမြို့နယ် စားအုန်းဆီရောင်းချသော လုပ်ငန်းရှင်များ၊ ရေကြည်မြို့နယ်အတွင်းရှိ သောက်ရေသန့်စက်ရုံလုပ်ငန်းရှင်များ၊ အိမ်မဲမြို့နယ်၊ လပွတ္တာမြို့နယ်၊ မြောင်းမြမြို့နယ်၊ ဝါးခယ်မြို့နယ်၊ မအူပင်မြို့နယ်နှင့် မော်ကျွန်းမြို့နယ်တို့ရှိ ကုန်မျိုးစုံ၊ မုန့်မျိုးစုံ ရောင်းချသည့် လုပ်ငန်းရှင်များအား ဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း ဆွေးနွေးအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

## ပြည်နယ်များအတွင်း စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊

စာမျက်နှာ ၂၂ ကော်လံ ၁ သို့

*စာမျက်နှာ ၁၉ မှအဆက်*

ဆိုင်၊ စားသောက်ကုန်လုပ်ငန်းတို့၏ လုပ်ငန်းရှင်များ၊ ရေနံချောင်းမြို့၊ နတ်မောက်မြို့၊ တောင်တွင်းကြီးမြို့ရှိ သောက်ရေသန့်လုပ်ငန်းရှင်များ၊ မကွေးမြို့ပေါ်ရှိ စတိုး ဆိုင်ပိုင်ရှင်များ၊ ရေနံချောင်းမြို့များရှိ ဆန်ရောင်းချသည့် လုပ်ငန်းရှင်များ၊ ချောက်မြို့၊ တောင်တွင်းကြီးမြို့၊ ရေနံချောင်းမြို့များရှိ စားသုံးဆီရောင်းချသည့် လုပ်ငန်းရှင်များ၊ မကွေးမြို့ရှိ စားအုန်းဆီရောင်းချသည့်လုပ်ငန်းရှင်များ၊ ရေနံချောင်းမြို့၊ မကွေးမြို့၊ ချောက်မြို့၊ မြို့သစ်မြို့၊ နတ်မောက်မြို့၊ တောင်တွင်းကြီးမြို့များရှိ ကုန်မျိုးစုံအရောင်းဆိုင်ရှင်များ၊ မကွေးမြို့ရှိ ဆေးနှင့်ဆေးပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်များ၊ မင်းဘူးခရိုင်အတွင်း မင်းဘူးမြို့၊ ပွင့်ဖြူမြို့များရှိ မုန့်မျိုးစုံဆိုင်၊ စတိုးဆိုင်၊ အလှကုန်ဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ စလင်းမြို့၊ ပွင့်ဖြူမြို့များရှိ စားသုံးဆီ ရောင်းချသည့် လုပ်ငန်းရှင်များ၊ ပွင့်ဖြူမြို့၊ စလင်းမြို့များရှိ ဆန်ရောင်းချသည့် လုပ်ငန်းရှင်များ၊ မင်းဘူးမြို့ရှိ ထမင်းဆိုင်ရောင်းချသည့် လုပ်ငန်းရှင်၊ သရက်ခရိုင်အတွင်း သရက်မြို့၊ ဆင်ပေါင်ဝဲမြို့၊ ကံမမြို့၊ မင်းလှမြို့၊ အောင်လံမြို့များရှိ မုန့်မျိုးစုံဆိုင်၊ စတိုးဆိုင်၊ အလှကုန်ဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ ကံမမြို့ပေါ်ရှိ လက်ဖက်ရည်နှင့် မုန့်မျိုးစုံလုပ်ငန်းရှင်၊ အောင်လံမြို့၊ ကံမမြို့များရှိ ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်လုပ်ငန်းရှင်များ၊ သရက်မြို့ရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ သရက်မြို့၊ ဆင်ပေါင်ဝဲမြို့၊ အောင်လံမြို့၊ ကံမမြို့များရှိ ကုန်မျိုးစုံအရောင်းဆိုင်များနှင့် စတိုးဆိုင်များ၊ ပခုက္ကူနှင့် ဂန့်ဂေါခရိုင်အတွင်း ဂန့်ဂေါမြို့များရှိ မုန့်မျိုးစုံဆိုင်၊ စတိုးဆိုင်၊ အလှကုန်ဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့များရှိ စားသုံးဆီရောင်းချသည့် လုပ်ငန်းရှင်များ၊ ဆိပ်ဖြူမြို့ရှိ ဓာတ်မြေဩဇာရောင်းချသည့် လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သမန္တလင်းကျေးရွာရှိ စားသုံးသူပြည်သူများအား ကုန်အညွှန်းအမှတ်အသားနှင့်ကိုက်ညီသော ကုန်စည်များကိုသာ ဝယ်ယူရောင်းချရန်၊ စားသုံးသူအကြောင်း သိကောင်းစရာများနှင့် တိုင်ကြားနိုင်မည့် အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ညောင်ဦးမြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန (Community Center) ခန်းမ၌ ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေး Talk Show အစီအစဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ကျောက်ဆည်မြို့နယ်ရှိ ရေခဲချောင်းလုပ်ငန်းရှင်အား စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။


**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သုံးခွမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ လောကမာရဇိန်ကျောင်းသစ် (ဘုန်းတော်ကြီးသင်ပညာရေး) ကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား စားသုံးသူအခွင့်အရေးနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်းနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာ

*စာမျက်နှာ ၂၀ ကော်လံ ၁ သို့*



## ရေသန့်စက်ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ကုမ္ပဏီတစ်ခုထံမှ ၁၀-၆-၂၀၂၄ ရက်နေ့တွင် ငွေကျပ် ၄၅ သိန်းဖြင့် ရေသန့်စက်ဝယ်ယူခဲ့ရာ ၆ လလျှင် တစ်ကြိမ် ဝန်ဆောင်မှုအပြည့်ပေးရန် ကတိပြုထားသော်လည်း လာရောက်ပြုလုပ်ပေးမှုမရှိခြင်း၊ ရေသန့်စက်တပ်ဆင်ပြီး ရေအရည်အသွေး ပြည့်မီမှုမရှိခြင်း၊ ရေသန့်အရည်အသွေးအား စံသတ်မှတ်ချက်နှင့်အညီ ရယူလိုခြင်း၊ ဖိုက်ဘာရေစစ်အိုးပေါက်သည်ကို လာရောက်ပြင်ဆင်ပေးမှုမရှိခြင်းတို့ကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ Consumer Call Center သို့ ဆက်သွယ်တိုင်ကြားလာကြောင်း၊ တိုင်ကြားမှုနှင့်ပတ်သက်၍ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ တိုင်ကြားခံရသည့် ကုမ္ပဏီသို့ ဆက်သွယ်ခဲ့ရာ ၎င်းတို့ကုမ္ပဏီရုံးမှာ မန္တလေးတွင်မရှိဘဲ ရန်ကုန်မြို့တွင်ရှိကြောင်း၊ တိုင်ကြားသူထံသို့ ဝန်ထမ်းများစေလွှတ်ပြီး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့မှုအရ တိုင်ကြားသူထံသို့ ဆက်သွယ်ခဲ့ရာ ကုမ္ပဏီမှ ရေသန့်စက်အား လာရောက်ပြင်ဆင်ပေးလျက်ရှိကြောင်းနှင့် မူလဝယ်ယူစဉ်က ရေသန့်စက်မှာ အိုးအသေးဖြစ်၍ အိုးအကြီးဖြင့် လဲလှယ်လို




ကြောင်း၊ ကုမ္ပဏီသို့ တောင်းဆိုခဲ့ရာ ကုမ္ပဏီဘက်မှ အိုးအကြီးဖြင့် လဲလှယ်မည်ဆိုပါက နောက်ထပ်ငွေကျပ် ၁,၅၂၅,၀၀၀/-ပေးရမည်ဖြစ်ကြောင်း ရေသန့်၏ အရည်အသွေးအပေါ် မူတည်၍ ငွေပေးချေမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ကြောင်း တိုင်ကြားသူ၏ တင်ပြမှုအရ သိရှိရသဖြင့် ၅-၆-၂၀၂၅ ရက်နေ့တွင် တိုင်ကြားသူမှ ရေသန့်စက်အိုး အကြီးလဲလှယ်ခဲ့ရာတွင် အဆင်ပြေပြီး ရေအရည်အသွေးမှာ ကောင်းမွန်သည့်အတွက် ထပ်မံပေးချေရမည့် ငွေကျပ် ၁,၅၂၅,၀၀၀/-အား ကုမ္ပဏီသို့ ပေးချေခဲ့ပြီးဖြစ်ကြောင်း တိုင်ကြားသူမှ တင်ပြလာပါ၍ တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## အင်ဗာတာဘက်ထရီဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီးနေ တိုင်ကြားသူတစ်ဦးသည် အီလက်ထရောနစ်ပစ္စည်းအရောင်းဆိုင်တစ်ခုမှ အင်ဗာတာဘက်ထရီ အား အာမခံသက်တမ်း ၅ နှစ်ဖြင့် ဝယ်ယူအသုံးပြုနေသည်မှာ ၁ နှစ်ကျော်ကြာပြီဖြစ်ကြောင်း၊ ဝယ်ယူပြီး ၁ နှစ်အတွင်း အဆင်ပြေသော်လည်း နောက်ပိုင်းတွင် မကြာခဏ Error ဖြစ်ပြီး ဆိုင်ဘက်မှလာရောက်ပြင်ဆင်ပေးသော်လည်း ကောင်းမွန်မှုမရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System သို့ ဆက်သွယ်တိုင်ကြားလာကြောင်း၊ တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် အီလက်ထရောနစ်အရောင်းဆိုင်သို့ ဆက်သွယ်အကြောင်းကြားခဲ့ရာ ဆိုင်မှ တာဝန်ရှိသူများ သည် ၂၉-

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၅ မှအဆက်*

၅-၂၀၂၅ ရက်နေ့တွင် တိုင်ကြားသူနှင့် တွေ့ဆုံ၍ အင်ဗာတာဘက်ထရီများသည် Warranty ပေးသည့် ကာလအတွင်း Battery Error များ ဖြစ်ပေါ်သောကြောင့် ဝယ်ယူစဉ် Battery များ၏ တန်ဖိုးငွေကျပ် ၆,၁၂၀,၀၀၀/- မှ တိုင်ကြားသူ အသုံးပြုခဲ့သည့် ကာလအတွက် ငွေကြေးဖြတ်တောက်၍ ကျန်ငွေကျပ် ၅,၆၈၄,၀၀၀/-ကို တိုင်ကြားသူထံ ပြန်လည်ပေးအပ်ခဲ့မှုအပေါ် တိုင်ကြားသူမှ ကျေနပ်လက်ခံသည်ဟု အကြောင်းပြန်ကြားလာကြောင်း၊ တိုင်ကြားသူမှလည်း ဌာနသို့ ဆက်သွယ်၍ အီလက်ထရောနစ်အရောင်းဆိုင်မှ ငွေကျပ် ၅,၆၈၄,၀၀၀/- ပေးအပ်ခဲ့မှုအပေါ် လက်ခံရရှိပါကြောင်းနှင့် ကျေနပ်မှုရှိသောကြောင့် တိုင်ကြားမှုအား ပိတ်သိမ်းလိုကြောင်း ပြောကြားလာသဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ဖုန်းပြုပြင်ရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ကရင်ပြည်နယ် ဘားအံမြို့နေ တိုင်ကြားသူတစ်ဦးသည် ဖုန်းကင်မရာထဲသို့ ရေငွေ့ဝင်သောကြောင့် ဖုန်းပြုပြင်ရေးဆိုင် တစ်ဆိုင်တွင် ၃ ကြိမ်တိုင်တိုင် သွားရောက်ပြင်ဆင်ခဲ့သော်လည်း အဆင်မပြေသည့်အပြင် ဖုန်းမှန်ကွဲနေကြောင်း သိရှိရသဖြင့် အခြားဖုန်းပြုပြင်ရေးဆိုင်တစ်ဆိုင်သို့ပြောင်း၍ ပြသခဲ့ရာ ဖုန်းမှန်လဲလှယ်ရမည်ဖြစ်ကြောင်းနှင့် ကုန်ကျစရိတ်ငွေကျပ် ၂၆၅,၀၀၀/- ကုန်ကျမည်ဟု ပြောကြားခဲ့သည့်အတွက် ယခင်ပြသခဲ့သော ဖုန်းပြုပြင်ရေးဆိုင်သို့ အကျိုးအကြောင်းပြောကြားရာတွင် ဖုန်းပြင်ဆင်မှုကို ၎င်းတို့ဆိုင်၌ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ကုန်ကျစရိတ်တစ်ဝက်ကို ကျခံပေးမည်ဖြစ်ကြောင်း ဖြေကြားရာ တိုင်ကြားသူက ဖုန်းပြင်ဆင်မှုကို အခြားဖုန်းပြုပြင်ရေးဆိုင်၌သာ ပြင်ဆင်လိုပြီး ကုန်ကျစရိတ်တစ်ဝက်ကို ကျခံပေးစေလိုကြောင်း တောင်းဆိုခဲ့မှုအပေါ် ဆောင်ရွက်ပေးမှုမရှိသဖြင့် စားသုံးသူရေးရာဦးစီးဌာနသို့ ဆက်သွယ်



တိုင်ကြားလာပါကြောင်း၊ တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားသူနှင့် တိုင်ကြားခံရသည့် ဖုန်းပြုပြင်ရေးဆိုင်ပိုင်ရှင်တို့အား ခေါ်ယူတွေ့ဆုံ၍ စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ပေးခဲ့ရာ ဆိုင်ပိုင်ရှင်အနေဖြင့် ဖုန်းပြင်ဆင်ရန်အပ်နှံချိန်က လက်ခံခဲ့ရာတွင် ဖုန်းနှင့်ပတ်သက်၍ ပျက်စီးမှုရှိ-မရှိ သေချာစွာ စိစစ်လက်ခံမှုမရှိခြင်းကြောင့်၊ အငြင်းပွားမှုဖြစ်လာပါက မိမိ၏ ဆိုင်ဂုဏ်သတင်းထိခိုက်မည်စိုး၍လည်းကောင်း၊ စားသုံးသူ၏ အငြင်းပွားမှုအပေါ် အလေးထား၍လည်းကောင်း စားသုံးသူဘက်မှ တောင်းဆိုသော Screen မှန်ကွဲခြင်းအတွက် ဖုန်းပြုပြင်သည့် အခြားဆိုင်တွင် အပ်နှံထားသည့် ကုန်ကျစရိတ်

*စာမျက်နှာ ၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၈ မှအဆက်*

ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရှိဝန်ထမ်းများ၊ မြိတ်မြို့ရှိ စားသုံးသူပြည်သူများ၊ ကော့သောင်းမြို့ မြအေးကန်သာရပ်ကွက်တွင် ဖွင့်လှစ်သော စက်ချုပ်သင်တန်းရှိ သင်တန်းသားများအား သွားရောက်၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်**

တောင်ငူမြို့နယ် လဲဘူးကျေးရွာအုပ်စု ကောင်းမှုတော်ကျေးရွာပြည်သူများ၊ ကျောက်တံခါးမြို့ကွင်းနောက်ရပ်ကွက်ရှိ အ. ထ. က ခွဲ ကျောင်း၊ ဇီးကုန်းမြို့နယ် ထန်းတပင်ကျေးရွာ အ. လ. က ကျောင်းတို့မှ ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ပြီး ဖြူးမြို့ရှိ ကုန်စုံဆိုင်ပိုင်ရှင်များနှင့်တွေ့ဆုံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်**

မကွေးခရိုင်အတွင်း မြို့သစ်မြို့၊ နတ်မောက်မြို့၊ ရေနံချောင်းမြို့၊ ချောက်မြို့၊ တောင်တွင်းကြီးမြို့များရှိ အ. ထ. က၊ အ. လ. က၊ အ. မ. က ကျောင်းများရှိ ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူများ၊ မကွေးမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ကျင်းပပြုလုပ်သည့် ထုတ်ပိုးမှုသင်တန်းရှိ သင်တန်းသား သင်တန်းသူများ၊ မင်းဘူးခရိုင်အတွင်း စလင်းမြို့များရှိ အ. ထ. က၊ အ. လ. က၊ အ. မ. က ကျောင်းများရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ပွင့်ဖြူမြို့၊ စလင်းမြို့များရှိ စည်ပင်သာယာဈေးများရှိ ဈေးဝယ်လာသူ မိဘပြည်သူများ၊ မင်းဘူးမြို့၊ ပွင့်ဖြူမြို့၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ရပ်ကျေးစာရေးများနှင့် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိဘပြည်သူများ၊ သရက်ခရိုင် အောင်လံမြို့များရှိ အ. ထ. က၊ အ. လ. က၊ အ. မ. က ကျောင်းများရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ သရက်မြို့၊ မင်းလှမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ရပ်ကျေးစာရေးများနှင့် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိဘပြည်သူများ၊ ပခုက္ကူနှင့် ဂန့်ဂေါခရိုင်အတွင်း ဆိပ်ဖြူမြို့၊ ဂန့်ဂေါမြို့များရှိ အ. ထ. က၊ အ. လ. က၊ အ. မ. က ကျောင်းများနှင့် ပခုက္ကူမြို့ပညာရေးဒီဂရီ ကောလိပ်တို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ပခုက္ကူမြို့ မီးသတ်ဦးစီးဌာနရှိ ဝန်ထမ်းများ၊ ပခုက္ကူမြို့ ခရိုင်ဦးစီးမှူးရုံးတွင် မိဘပြည်သူများ၊ ပခုက္ကူမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ သင်တန်းသား၊ သင်တန်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့ပြင် ကံမမြို့၊ ဆင်ပေါင်ဝဲမြို့များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာပေး Talk Show အစီအစဉ်များလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် မကွေးခရိုင်အတွင်း မကွေးမြို့၊ ချောက်မြို့၊ တောင်တွင်းကြီးမြို့၊ မြို့သစ် မြို့၊ နတ်မောက်မြို့၊ ရေနံချောင်းမြို့များရှိ မုန့်မျိုးစုံဆိုင်၊ စတိုးဆိုင်၊ အလှကုန်ဆိုင်၊ ကုန်မျိုးစုံအရောင်း

*စာမျက်နှာ ၂၀ ကော်လံ ၁ သို့*

# စားသုံးသူအသိပညာပေးရေးကဏ္ဍ

## တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ရွေးချယ်ဝယ်ယူသုံးစွဲတတ်စေရေး၊ စားသုံးသူနစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက ကုစားမှုများ ရယူတောင်းဆိုတတ်စေရေး၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိနိုင်စေရေးတို့အတွက် စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း ဆောင်ရွက်မှုအနေဖြင့်-

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မုံရွာမြို့ တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ ဖွင့်လှစ်သည့် လုပ်ငန်းရှင်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းရှိ သင်တန်းသားများ၊ ကလေးမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ ကျင်းပပြုလုပ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းနှင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းတို့ရှိ သင်တန်းသားများ၊ ကန့်ဘလူခရိုင် ကျွန်းလှမြို့ မီးသတ်ဦးစီးဌာနရှိ ဝန်ထမ်းများ၊ ကန့်ဘလူမြို့ အမှတ် (၃) ရပ်ကွက်ရှိ သောက်ရေသန့်စက်ရုံမှ ဝန်ထမ်းများ၊



မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပပြုလုပ်သည့် ကွန်ပျူတာသင်တန်းရှိ သင်တန်းသားများ၊ ရွှေဘိုမြို့ အ.လ.က (၁) ကျောင်းရှိ ကျောင်းသားကျောင်းသူများ၊ အမှတ် (၁၀) ရပ်ကွက်ရှိ စားသုံးသူပြည်သူများအား အသိပညာပေးဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း၊ ထို့နောက် လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးအသိ ပညာပေးမှုများကိုလည်း ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ၆ ကြိမ်၊ ကလေးခရိုင်ဦးစီးမှူးမှ ၄ ကြိမ်၊ ကသာခရိုင်ဦးစီးမှူးရုံးမှ ၂ ကြိမ်၊ ကန့်ဘလူမြို့နယ် တာဝန်ခံရုံးမှ ၂ ကြိမ်၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးမှ ၄ ကြိမ်၊ မုံရွာခရိုင်ဦးစီးမှူးရုံးမှ ၃ ကြိမ်၊ ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးမှ ၂ ကြိမ်၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးမှ ၄ ကြိမ်၊ စုစုပေါင်း ၂၇ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးဆောင်ရွက်ခြင်းများပြုလုပ်ရာတွင် စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်များကို အသိပညာပေးဆွေးနွေးခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် သက်ဆိုင်သော လက်ကမ်းစာစောင်များ၊ စားသုံးသူကာကွယ်ရေး ဥပဒေစာအုပ်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေကြီးဦးစီးမှူးရုံးအနေဖြင့်** မြိတ်ခရိုင်၊ မြိတ်မြို့၊ အ.လ.က (၇) ကျောင်း၊ အ.မ.က

*စာမျက်နှာ ၁၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၆ မှအဆက်*

ငွေကျပ် ၂၆၅,၀၀၀/-၏ တစ်ဝက်ဖြစ်သော ကျသင့်ငွေကျပ် ၁၃၅,၀၀၀/-ကို ပေးအပ်မည်ဖြစ်ကြောင်း သဘောတူညီမှုရရှိခဲ့ပြီး စားသုံးသူကာကွယ်ရေးနည်းဥပဒေပါ ပုံစံ (၉) သဘောတူညီချက်ပုံစံတွင် ဖြည့်စွက်၍ နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးပြီး ဆိုင်ပိုင်ရှင်မှ တိုင်ကြားသူထံငွေကျပ် ၁၃၅,၀၀၀/-ကို ပေးချေခဲ့သဖြင့် နှစ်ဦးနှစ်ဖက်ကျေနပ်မှုရှိသောကြောင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | ဇွန်လ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန်ကျန်ရှိမှု | ဆောင်ရွက်မှုအခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | ဇွန်လ | | | | |
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | မေလ ဖြေရှင်းရန်ကျန် | ဇွန်လ | ပေါင်း | မေလ ကျန်မှ | ကုန်စည် | ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | ၂ | | | ၂ | | | ၂ | ၂ | | | ၂ | ၂ | ၀ | ၁၀၀.၀၀% |
| ၃ | ကရင်ပြည်နယ် | | ၁ | | | | ၁ | | ၁ | ၁ | | | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၁ | ၁ | | | | ၂ | ၁ | ၃ | | | ၁ | ၁ | ၂ | ၃၃.၃၃% |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | ၁ | | ၁ | | | | ၀ | ၁ | ၀.၀၀% |
| ၉ | မန္တလေးတိုင်းဒေသကြီး | | ၄ | ၄ | | | | ၅ | ၄ | ၉ | ၄ | | ၁ | ၅ | ၄ | ၅၅.၅၆% |
| ၁၀ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | | ၆ | ၄ | ၁ | ၁ | | ၄၈ | ၆ | ၅၄ | ၂၂ | | ၂ | ၂၄ | ၃၀ | ၄၄.၄၄% |
| ၁၃ | ရှမ်း(တောင်)တောင်ကြီး | | | | | | | ၁ | | ၁ | ၁ | | | ၁ | ၀ | ၁၀၀.၀၀% |
| ၁၄ | ရှမ်း(မြောက်)လားရှိုး | | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(ရှေ့)ကျိုင်းတုံခရိုင် | | | | | | | | | | | | | | | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၁ | ၂ | ၁ | ၂ | | | ၁ | ၃ | ၄ | ၁ | | | ၁ | ၃ | ၂၅.၀၀% |
| ၁၇ | ပြည်ထောင်စုနယ်မြေ | ၁ | | ၁ | | | | ၁ | ၁ | ၂ | | | | ၀ | ၂ | ၀.၀၀% |
| ၁၈ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | | | | | | | | | | |
| | စုစုပေါင်း | ၂ | ၁၆ | ၁၁ | ၃ | ၃ | ၁ | ၅၉ | ၁၈ | ၇၇ | ၂၈ | ၀ | ၇ | ၃၅ | ၄၂ | ၄၅.၄၅% |
| | | ၁၈ | | ၁၈ | | | | | | | | ၇ | | | | |

**Source: CICC**

## Consumer Call Center ဆိုင်ရာ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၂၅) ဖွင့်လှစ်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူနှင့် လုပ်ငန်းရှင်များက ဦးစီးဌာနနှင့်ပတ်သက်သော သတင်းအချက်အလက်များကို အလွယ်တကူမေးမြန်းစုံစမ်းနိုင်ရန်၊ နစ်နာဆုံးရှုံးမှုများရှိလာပါက အလွယ်တကူ ဆက်သွယ်တိုင်ကြားနိုင်ရန်၊ ကုန်စည်၊ ဝန်ဆောင်မှုများကို ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချရာတွင် လိုက်နာဆောင်ရွက်ရမည့်

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

*စာမျက်နှာ ၇ မှအဆက်*

အချက်များကို ဌာနသို့ အလွယ်တကူဆက်သွယ် စုံစမ်းမေးမြန်းနိုင်ရန် ရည်ရွယ်၍ Consumer Call Center (၁၅၃၅) ကို နေပြည်တော် ရုံးချုပ်တွင် လိုင်းခွဲ (၁)၊ ရန်ကုန်တိုင်းဒေသကြီးတွင် လိုင်းခွဲ (၂) နှင့် မန္တလေးတိုင်းဒေသကြီးတွင် လိုင်းခွဲ (၃) တို့ဖြင့် ဖွင့်လှစ်ပြီး စားသုံးသူများ၏ စုံစမ်းမေးမြန်း၊ တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ Consumer Call Center (၁၅၃၅) သို့ ခေါ်ဆိုမှုများကို လက်ခံရာတွင်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံး ဖုန်းများကို ဆက်သွယ်မေးမြန်းလာပါကလည်းကောင်း တာဝန်ကျဝန်ထမ်းများ၏ ပြုမူပြောဆိုမှုဆိုင်ရာ လိမ္မာယဉ်ကျေးစေရန်၊ ပြန်လည်ရှင်းလင်းရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ Consumer Call Center ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၂၅) ကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့နှင့် ၈ ရက်နေ့များတွင် ရုံးအမှတ် (၅၂)၊ အစည်းအဝေးခန်းမ (၂) ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ သင်တန်းဖွင့်ပွဲသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တကွ ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသားသင်တန်းသူများ စုစုပေါင်း ၁၂၇ ဦး တက်ရောက်ခဲ့ပြီး



ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါသင်တန်းတွင် ဘာသာရပ်တာဝန်ခံ ၁၁ ဦးက ဆွေးနွေးပို့ချခဲ့ပြီး ရုံးချုပ်၊ ဌာနခွဲများမှ အရာထမ်း၊ အမှုထမ်း ၂၈ ဦးက လူကိုယ်တိုင်တက်ရောက်၍ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ဦးစီးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်း ၇၂ ဦးက အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြောင်း၊ သင်တန်းတက်ရောက်ခဲ့ကြသော သင်တန်းသားသင်တန်းသူများအား Consumer Call Center ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၂၅) ပြီးမြောက်ကြောင်း သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး Consumer Call Center တွင် တာဝန် ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ **Source: CICC**

# ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

## တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်သွားစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးအလိုက် စားသုံးသူရေးရာကော်မတီက သတ်မှတ်ပေးထားသည့်

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၆ မှအဆက်*

ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အစားအသောက်ပြုပြင်ရောင်းချသည့် နေရာများ သန့်ရှင်းမှု ရှိ-မရှိ၊ အစားအသောက်ကိုင်တွယ်ချက်ပြုတ်သူများ သန့်ရှင်းမှု ရှိ-မရှိ၊ ဝန်ဆောင်မှုပေးသူများ၏ တစ်ကိုယ်ရည်သန့်ရှင်းမှု ရှိ-မရှိ၊ အစားအသောက်များ သန့်ရှင်းလတ်ဆတ်မှု ရှိ-မရှိ၊ ဆိုင်များမှ ပေးအပ်သည့် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူများအား လုံလောက်သည့် သတင်းအချက်အလက်များ ဖော်ပြခြင်း ရှိ-မရှိ၊ ရောင်းချသည့် စားသောက်ဖွယ်ရာများ၏ အမျိုးအစား၊ အရွယ် အစား (size) ပမာဏအလိုက် ဈေးနှုန်းအား ပွင့်လင်းမြင်သာစွာ ကြိုတင်သတိပေးဖော်ပြထားခြင်း ရှိ-မရှိ၊ Table check အပါအဝင် အခြားဝန်ဆောင်မှုများအတွက် ကောက်ခံနှုန်းထားများ ရှိပါက ဖော်ထားခြင်းရှိ-မရှိ စစ်ဆေးခဲ့ရာ စုစုပေါင်း ၅၈၇ ရှိကြောင်း သတင်းရရှိပါသည်။

**Source: ထုတ်/လုံ**

## ၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/ ၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာ ဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉)နှင့်အညီစိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇွန်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို ဇယားပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်- **Source: ထုတ်/လုံ**

၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

| | လအမည် | စိစစ်ရန် တင်ပြလာမှု အခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
|---|---|---|---|---|---|
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁။ | ဇန်နဝါရီလ | ၄၉ | ၁၃၀ | ၄၈ | ၁၂၆ |
| ၂။ | ဖေဖော်ဝါရီလ | ၉၉ | ၂၇၃ | ၉၉ | ၂၇၃ |
| ၃။ | မတ်လ | ၅၆ | ၁၃၆ | ၅၆ | ၁၃၆ |
| ၄။ | ဧပြီလ | ၄၆ | ၁၆၀ | ၄၆ | ၁၆၀ |
| ၅။ | မေလ | ၄၄ | ၁၂၆ | ၄၄ | ၁၂၆ |
| ၆။ | ဇွန်လ | ၇၃ | ၂၂၆ | ၇၃ | ၂၂၆ |
| စုစုပေါင်း | | ၃၆၇ | ၁၀၅၂ | ၃၆၆ | ၁၀၄၈ |

## ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေး အန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ-မရှိနှင့် ဆေးနှင့် ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု ၂၂၈၉ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ထုတ်/လုံ**

## အစားသောက်ရောင်းချသည့် ဝန်ဆောင်မှုကဏ္ဍနှင့် ပတ်သက်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာန၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဝန်ဆောင်မှုကဏ္ဍ ၃ ရပ်ဖြစ်သည့် အစားအသောက်ပြုပြင်ရောင်းချသည့် ဝန်ဆောင်မှု၊ ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုတို့ကို ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဦးစားပေးဈေးကွက်စောင့်ကြည့်စစ်ဆေးရန် ရွေးချယ်အတည်ပြုသတ်မှတ်ထားရှိရာ ၂၀၂၅ ခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း အစားအသောက်ပြုပြင်ရောင်းချသည့် ဝန်ဆောင်မှုလုပ်ငန်းများအား ဦးစားပေးဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ (၁) အစားအသောက်ပြုပြင်ရောင်းချသည့် နေရာများ မသန့်ရှင်းခြင်း၊ အစားအသောက်ကိုင်တွယ် ချက်ပြုတ်သူများ၊ ဝန်ဆောင်မှုပေးသူများ၏ တစ်ကိုယ်ရည်သန့်ရှင်းမှုအားနည်းခြင်း၊ အစားအသောက်များ လတ်ဆတ်သန့်ရှင်းမှုမရှိခြင်းစသည့် အကြောင်းအရင်းများကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးပြဿနာများမှ စားသုံးသူအားကာကွယ်ရန်၊ (၂) စားသောက်ဆိုင်များသည် မိမိတို့ဆိုင်များမှ ပေးအပ်သည့် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူများအား လိုလောက်သည့် သတင်းအချက်အလက်များကို အသိပေးဖော်ပြစေခြင်းဖြင့် စားသုံးသူအခွင့်အရေးရရှိစေရန် (ဥပမာ- မိမိတို့ စားသောက်ဆိုင်သည် စားသုံးသူများ အသုံးပြုမည့် ပန်းကန်များကို ပိုးသတ်ထားသည့် အသုံးပြုခမည်မျှအား စားသုံးသူများထံမှ ကောက်ခံသွားမည်ဖြစ်ပါကြောင်း၊ ကြိုတင်အသိပေးဖော်ပြထားရန်၊ ဝန်ဆောင်မှုပေးအပ်သည့် အဖိုးအခ မည်မျှကောက်ခံမည်ဖြစ်ကြောင်း ကြိုတင်အသိပေးဖော်ပြထားရန်)၊ (၃) ရောင်းချသည့် စားသောက်ဖွယ်ရာများ၏ အမျိုးအစား၊ အရွယ်အစား (size) ပမာဏအလိုက် ဈေးနှုန်းအား ပွင့်လင်းမြင်သာစွာ ကြိုတင်အသိပေးဖော်ပြထားခြင်းဖြင့် စားသုံးသူတို့၏ အခွင့်အရေးကို ကာကွယ်ရန် ရည်ရွယ်၍ ဦးစားပေးစစ်ဆေးရခြင်းဖြစ်ကြောင်း၊ ထိုသို့စစ်ဆေးရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး

*စာမျက်နှာ ၁၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၈ မှအဆက်*

တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်မည့် ကုန်စည် (၁၀) မျိုးကိုလည်းကောင်း၊ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ဦးစားပေးဆောင်ရွက်ရန် အတည်ပြုသတ်မှတ်ထားသည့် ဝန်ဆောင်မှုကဏ္ဍ ၃ ရပ်ကိုလည်းကောင်း သက်ဆိုင်ရာမိတ်ဖက်ဌာနအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ဆောင်ရွက်မှုများအနေဖြင့်-

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဈေးကွက်အတွင်းရောင်းချနေသော စားသောက်ကုန်များ၊ လူသုံးကုန်များ၊ စက်ရုံများ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၂၇) ကြိမ် ဆောင်ရွက်ခဲ့ရာ တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထားသည့် ကုန်စည် ၁၀ မျိုးဖြစ်သော အသင့်သောက်အချိုရည်၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အအေးခဲအစားအစာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ အရန်သင့်အစား အစာအမျိုးမျိုး၊ အာဟာရဖြည့်စွက်စာအမျိုးမျိုး၊ ကလေးကစားစရာအရုပ်နှင့် ပစ္စည်းအမျိုးမျိုး၊ သွားတိုက်ဆေးအမျိုးမျိုးတို့အား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းခဲ့ကြောင်း၊ ထိုသို့ စစ်ဆေးစဉ်အတွင်း ကုန်စည်များ ဝယ်ယူအသုံးပြုရာတွင် ယင်းကုန်စည်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ပြည့်စုံစွာ ရရှိနိုင်ပြီး စားသုံးသူ၏လိုအပ်ချက်နှင့် ကိုက်ညီသည့် ကုန်စည်များ ရွေးချယ်ဝယ်ယူနိုင်စေရေးအတွက် စားသုံးသူကာကွယ်ရေးဥပဒေပါ မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြရေး၊ ဌာန၏ အတည်ပြု



ချက်ရယူရန် တင်ပြလာပါက ဌာနမှ ဥပဒေနှင့်ကိုက်ညီမှု ရှိ-မရှိ စိစစ်ပြန်ကြားပေးရေး ဆွေးနွေးအသိပေးပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ပေါ်ရှိ ဆေးဆိုင်များ၊ အလှကုန်ဆိုင်များ၊ စည်ပင်သာယာဈေး၊ သောက်ရေသန့်စက်ရုံ၊ ကုန်စုံဆိုင်များ၊ ကုန်စည်ဖြန့်ဖြူးရေးလုပ်ငန်းများ၊ မြိတ်မြို့ပေါ်ရှိ မူလတန်းကျောင်းမုန့်ဈေးတန်းမှ ဆိုင်များ၊ ဆေးဆိုင်များ၊ ကုန်တိုက်များနှင့် ကော့သောင်းမြို့ပေါ်ရှိ အသင့်သောက်အချိုရည်လုပ်ငန်း၊ ဆေးဆိုင်များ၊ အလယ်တန်းကျောင်းမုန့်ဈေးတန်းရှိ ဆိုင်များ၊ သောက်ရေသန့်စက်ရုံ၊ လေဟာပြင်ဈေးများတွင် ဈေးကွက်စောင့်ကြည့်စစ်ခဲ့ရာ တရားမဝင် Sprite အချိုရည်များ ရောင်းချနေမှုများ ရှိ-မရှိ၊ သက်တမ်းကုန်လွန်သော စားသောက်ကုန်ပစ္စည်းများ ရောင်းချနေမှုရှိ-မရှိ၊ ကုန်ညွှန်းအမှတ်အသားဖော်ပြရာတွင် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည့်စုံမှန်ကန်စွာဖော်ပြထားမှုရှိ-မရှိ စစ်ဆေးခဲ့ကြောင်း၊ ထို့အတူ အထူးဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအနေဖြင့် ဆေးဈေးနှုန်းနှင့် ဆန်ဈေးနှုန်းများ စုံစမ်းစစ်ဆေးခြင်း၊ ဆန်လက်ကျန်အခြေအနေစစ်ဆေးခြင်း၊ ရေလမ်းကြောင်းဖြင့်

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

စာမျက်နှာ ၉ မှအဆက်

ဝင်ရောက်လာသော ကုန်စည်များစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးမြို့ အတွင်းရှိ shopping center များနှင့် ကုန်မျိုးစုံအရောင်း ဆိုင်များ၊ မြို့မဈေးကြီးအတွင်းရှိ ကုန်စုံဆိုင်များ၊ မဟာမြိုင်၊ ပင်စည်၊ မြို့သစ်တို့ရှိ ဆေးဆိုင်များ၊ ပဲခူးမြို့ပေါ်ရှိ ဆန် လက်လီလက်ကားရောင်းချသော ဆိုင်များ၊ စားအုန်းဆီ လက်လီလက်ကားရောင်းချနေသော ကုန်စုံဆိုင်များ၊ ကျောက်တံခါးမြို့နယ်အတွင်းရှိ ကုန်စုံဆိုင်များ၊ ဒိုက်ဦး မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များ၊ သနပ်ပင်မြို့ မြို့မဈေးရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ ကုန်ပစ္စည်းများတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာဖော်ပြထားမှု ရှိ-မရှိ၊ ထိုင်းနိုင်ငံထုတ် Sprite အချိုရည်များရောင်းချခြင်း ရှိ-မရှိ၊ သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်း ရှိ-မရှိ၊ အလေးချိန်ပြည့်ဝ မှန်ကန်စွာ ရောင်းချခြင်းရှိ-မရှိ၊ စားအုန်းဆီခွဲတမ်းများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြန့်ဖြူးရောင်းချခြင်း ရှိ-မရှိ၊ Signal သွားတိုက်ဆေးအတုများ ရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တိုင်းဒေသကြီးအတွင်းရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စည်ပင်သာယာဈေးများ၌ ရောင်းချလျက်ရှိသော ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်းရှိ-မရှိနှင့် သက်ဆိုင်ရာဌာနများမှ စားသုံးရန်နှင့် သုံးစွဲရန်မသင့်သော ကုန်စည်များအား ဈေးကွက်အတွင်း ရောင်းချခြင်းရှိ-မရှိစစ်ဆေးခဲ့ကြောင်း၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စည်ပင်သာယာဈေးတွင် (၂၁) ကြိမ်၊ မြို့ပေါ်ရှိ ရပ်ကွက်များတွင် (၂၉) ကြိမ်၊ စက်ရုံ အလုပ်ရုံများတွင် (၂၆) ကြိမ်၊ ကျောင်းမုန့် ဈေးတန်းများတွင် (၁) ကြိမ်၊ စုစုပေါင်း (၇၇) ကြိမ် ဆောင်ရွက်ခဲ့ပြီး အထူးဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စက်သုံးဆီ အရောင်းဆိုင်များတွင် (၂) ကြိမ်၊ စားသုံးဆီအရောင်းဆိုင်များတွင် (၄) ကြိမ်၊ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များတွင် (၃) ကြိမ်၊ စုစုပေါင်း (၉) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပြည်ကြီးတံခွန်မြို့နယ်ရှိ စားသုံးဆီရောင်းချလျက်ရှိသော ဆိုင်များ၊ မြင်းခြံမြို့ အမှတ် (၁) ရပ်ကွက်ရှိ ရွှေမိသားစု စတိုးဆိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ကမ္ဘဝတီရပ်ကွက်ရှိ ရွှေဈေးနှင့် မြို့မစည်ပင်သာယာဈေးရှိ အသင့်စားခေါက်ဆွဲခြောက်ရောင်းချသော ကုန်မျိုးစုံဆိုင်များ၊ ကျောက်ဆည်မြို့၊ စဉ့်ကိုင်မြို့၊ မြစ်သားမြို့နှင့် ပြင်ဦးလွင်မြို့များရှိ Shopping Mall များ၊ စတိုးဆိုင်များနှင့် ကုန်စုံဆိုင်များ၊ မြစ်သားမြို့နှင့် ကူမဲမြို့ပေါ်ရှိ အသင့်စားခေါက်ဆွဲခြောက်ရောင်းချသော ကုန်စုံဆိုင်များသို့ သွားရောက်၍ အသင့်စားခေါက်ဆွဲခြောက်ထုတ်အမျိုးမျိုး၊ အချိုရည်အမျိုးမျိုး၊ စားဆီအမျိုးမျိုးတို့အား ကုန်အညွှန်းအမှတ်အသားဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ-မရှိ၊ ဈေးကွက်အတွင်း၌ Sprite အမှတ်တံဆိပ်နှင့်ပုံစံတူ အစိမ်းရောင်ပလတ်စတစ်ဘူးများဖြင့် ထုပ်ပိုးထားသည့် အချိုရည်ဘူးများ ရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့



စာမျက်နှာ ၁၄ မှအဆက်

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ ရွှေမြင့်မိုရ်မုန့်တိုက်မှ ဝန်ထမ်းများ၊ မြစ်ကြီးနားမြို့၊ ဇရာရပ်ကွက်ရှိ ဆေးနှင့်ဆေးပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်၊ မိုးညှင်းမြို့ရှိ ထီး၊ ဖိနပ်၊ အိတ်အမျိုးမျိုးရောင်းချသည့် လုပ်ငန်းရှင်များနှင့် အုတ်ကျင်းရပ်ကွက်ရှိ စားသုံးသူပြည်သူများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၃ အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ထားရှိမှုအခြေအနေ၊ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၂၃ အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လိုသူအနေဖြင့် မှတ်ပုံတင်လျှောက်ထားရန်နှင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကိုက်ညီရမည့်အချက်များ၊ အထောက်အထားများ၊ မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်များနှင့်အခွင့်အရေးများ၊ မှတ်ပုံတင်လက်မှတ်ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဆိုင်ရာအကြောင်းအရာများ၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လိုသူများအနေဖြင့် တရားမဝင်တင်သွင်းလာသော ကုန်ပစ္စည်းများအား ဝယ်ယူရောင်းချခြင်းမပြုရန်နှင့် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပါ ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်မြို့နယ် အမှတ် (၁၀) ငန်းတေးလမ်း၊ ငန်းတေးရပ်ကွက်ရှိ အီလက်ထရောနစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများရောင်းချသည့်လုပ်ငန်း၊ အမှတ် (၂၄၆)



သမာဓိလမ်း သီရိမင်္ဂလာရပ်ကွက်ရှိ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ ရောင်းချသည့်လုပ်ငန်းနှင့် သထုံခရိုင် အမှတ် (၄၀၂) ရေကန်ရပ်လမ်း၊ သိမ်ကုန်းရပ်ကွက်ရှိ အထည်အလိပ်၊ အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်းအွန်လိုင်းရောင်းဝယ်ရေးလုပ်ငန်း၊ ကျိုက်ထိုမြို့နယ် ကံ့ကော်ရပ်ကွက်ရှိ အောင်သပြေ (၄) လမ်းရှိ အွန်လိုင်းရောင်းဝယ်ရေးလုပ်ငန်းနှင့် ပေါင်မြို့နယ်ရှိ အွန်လိုင်းလုပ်ငန်းတို့သို့ သွားရောက်၍ အွန်လိုင်းစနစ်ဖြင့် ရောင်းချနေသော လုပ်ငန်းမှတ်ပုံတင်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ကျိုင်းတုံမြို့၊ ယန်းခမ်းဈေးအတွင်းရှိ Online စနစ်ဖြင့် အထည်အမျိုးမျိုးရောင်းချသည့်လုပ်ငန်းသို့ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ပြီး Online စနစ်ဖြင့် ရောင်းဝယ်မှုပြုလုပ်ရာတွင် သက်ဆိုင်ရာဌာန၏ ထောက်ခံချက် မှတ်ပုံတင်ပြုလုပ်၍ စနစ်တကျ ဖြန့်ဖြူးရောင်းဝယ်မှုပြုလုပ်ရန်၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပါအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် စားသုံးသူကာကွယ်ရေးဥပဒေအခန်း (၁၀) ပါ စီးပွားရေး လုပ်ငန်းရှင်၏တာဝန်များကို လိုက်နာဆောင်ရွက်ရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ

*စာမျက်နှာ ၁၃ မှအဆက်*

ဆေးဝါးများရောင်းချမှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** နမ့်စန်မြို့အတွင်းရှိ ဆန်လက်လီလက်ကား ရောင်းချနေသော ဆန်အရောင်းဆိုင်များနှင့် စားသုံးဆီအမျိုးမျိုးရောင်းချနေသည့် ကုန်စုံဆိုင်များ၊ လွိုင်လင်မြို့ပေါ်ရှိ အသင့်စားစားသောက်ကုန်လုပ်ငန်း၊ စားသုံးဆီအမျိုးမျိုးရောင်းချနေသည့် ကုန်စုံဆိုင်များနှင့် ဆန်လက်လီလက်ကားအရောင်းဆိုင်များ၊ နမ့်စန်မြို့ပေါ်ရှိ စားအုန်းဆီရောင်းချနေသော အရောင်းဆိုင်များ၊ ပင်လုံမြို့အတွင်းရှိ ဆန်လက်လီလက်ကားအရောင်းဆိုင်များ၊ တာချီလိတ်မြို့နယ်ရှိ သောက်ရေသန့်လုပ်ငန်းများ၊ ကျိုင်းတုံမြို့ရှိ မုန့်တီခြောက်ထုတ်လုပ်သည့်လုပ်ငန်းများနှင့် မြို့မဈေးကြီးအတွင်းရှိ ကုန်စုံဆိုင်များ၊ ကျိုင်းတုံမြို့ အ. ထ. က (၇) နှင့် အ. လ. က (၃) ကျောင်းအတွင်းတို့ရှိ ကျောင်းမုန့်ဈေး အရောင်းဆိုင်များသို့ သွားရောက်၍ အခြေခံစားသောက်ကုန်များ ဈေးနှုန်းမြင့်တင်ရောင်းချမှုရှိ-မရှိ၊ အချိန်အတွယ်မှန်ကန်မှုရှိ-မရှိ၊ စားသောက်ကုန်များတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များ ပါဝင်မှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

## Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေးမြေပြင်ကွင်းဆင်းစစ်ဆေး၍ အသိပညာပေးခြင်းများ ဆောင်ရွက်

Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းအား ၂၁-၇-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ဖြင့် အရေးကြီး ဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ လ ၁ ရက်နေ့မှစ၍ Online Sale မှတ်ပုံတင်လက်မှတ်လျှောက်ထားလာမှုအား မြေပြင်ကွင်းဆင်းစစ်ဆေး၍ လျှောက်ထားသည့် အချက်အလက်များနှင့် မြေပြင်တွင် အမှန်တကယ်ကိုက်ညီမှုရှိမှသာလျှင် မှတ်ပုံတင် လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း လစဉ် အသိပညာပေးဆောင်ရွက်မည့် အစီအမံများရေးဆွဲ၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇွန်လအတွင်း-

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မြင်းမူမြို့ အမှတ် ၂/၁၆၇ သီဟရပ်ရှိ လူသုံးကုန် အမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းသို့ သွားရောက်၍ Online Sale မှတ်ပုံတင်မြေပြင်စစ်ဆေးခြင်းဆိုင်ရာ အချက်အလက်များ ကိုက်ညီမှုရှိ-မရှိကို စစ်ဆေးခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုအဖြစ် သတ်မှတ်ထားရှိမှုနှင့် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်းတို့ကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မင်းဘူးမြို့ ခရိုင်ဦးစီးမှူးရုံးတွင် Online Shop ရောင်းချသည့် လုပ်ငန်းရှင်များအား Online မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် လိုက်နာရမည့်တာဝန်များအား ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၀ မှအဆက်*

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာအုပ်စု အောင်ချမ်းသာရပ်ကွက်ရှိ Super Market၊ သန်လျင်ခရိုင် သုံးခွမြို့နယ်အတွင်းရှိ မွေးနေ့ကိတ်နှင့် မုန့်မျိုးစုံလုပ်ငန်း၊ လသာမြို့နယ် သံဈေးအတွင်းရှိ ဆီဆိုင်များ၊ တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်ကုန်စုံဆိုင်များ၊ မြို့မဈေးများ၊ ကုန်တိုက်များ၊ သုံးခွမြို့နယ် စည်ပင်သာယာမြို့မဈေးတွင် စားသောက်ကုန်အမျိုးမျိုးရောင်းချနေသော ဆိုင်များ၊ သယ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမပေါ်ရှိ အင်္ဂလိပ်ဆေးနှင့် တိုင်းရင်းဆေးအမျိုးမျိုးရောင်းချလျက်ရှိသော ဆေးဆိုင်များ၊ သာကေတမြို့နယ်ရှိ အသင့်စားမုန့်အမျိုးမျိုး ရောင်းချလျက်ရှိသည့် ကုန်စုံဆိုင်များအားသွားရောက်၍ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချရန်သတ်မှတ်ထားသော ဆန်အမျိုးအစားများဖြစ်သည့် ပေါ်ဆန်း (ဧရာဝတီ)၊ ပေါ်ဆန်း (ရွှေဘို)နှင့် အထူးဧည့်မထတို့ကို သတ်မှတ်ဈေးအတိုင်းရောင်းချမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြဋ္ဌာန်းခြင်းဆိုင်ရာ ဖော်ပြရမည့်အချက်များ ပြည့်စုံစွာပါရှိ-မရှိ၊ စားသုံးဆီ ရည်ညွှန်းဈေးများထက် ကျော်လွန်ရောင်းချခြင်း ရှိ-မရှိ၊ ဈေးကစားရန် ရည်ရွယ်၍ သိုလှောင်ထားခြင်း ရှိ-မရှိ၊ ခွင့်မပြုဆိုးဆေးပါဝင်မှု ရှိ-မရှိ၊ သက်တမ်းလွန်ဆေးနှင့် တရားမဝင်ဆေးဝါးများ ရောင်းချမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဖျာပုံမြို့ဈေးကွက်အတွင်းရှိ Sprite အချိုရည်ဗူးအရောင်းဆိုင်များ၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်တို့ရှိ ကုန်မျိုးစုံဆိုင်များ၊ ဖျာပုံမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် ညောင်တုန်းမြို့နယ်နှင့် ဓနုဖြူမြို့နယ်ဈေးများရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် မုန့်ဆိုင်များ၊ ဇလွန်မြို့နယ် မေရီလန်းကျေးရွာရှိ အ. ထ. က ကျောင်းမုန့်ဈေးတန်းရှိ ဆိုင်များနှင့် အင်္ဂပူမြို့နယ်၊ အမှတ် (၁) ရပ်ကွက် အ. ထ. က ကျောင်းတို့ရှိ ကျောင်းမုန့်ဈေးတန်းရှိဆိုင်များ၊ ဇလွန်မြို့နယ် ညောင်ပင်ဈေးရပ်ကွက်၊ ရန်ကုန်-ဇလွန် လမ်းမကြီးနှင့် မန်းဘခိုင်လမ်းရှိ သောက်ရေသန့်လုပ်ငန်း၊ ပုသိမ်မြို့ မြို့မစည်ပင်ဈေးအတွင်း ရောင်းချလျက်ရှိသော ဆန်အရောင်းဆိုင်များ၊ ဘိုကလေးမြို့ရှိ သုံးထောင့်မုန့်လုပ်ငန်း၊ ကျိုက်လတ်မြို့ပေါ်ရှိ ဆေးဆိုင်များနှင့် အမှတ် (၁) ရပ်ကွက်ရှိ မုန့်ဟင်းခါးဖိုလုပ်ငန်း၊ မြောင်းမြခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်တို့ရှိ ကုန်မျိုးစုံဆိုင်များ၊ ဒေးရဲမြို့ (၂) ရပ်ကွက်ရှိ ရေသန့်စက်ရုံ၊ မအူပင်မြို့နယ် ဝေဠုဝန်လမ်း၊ ညောင်တုန်းမြို့နယ် (၁) ရပ်ကွက်နှင့် ဓနုဖြူမြို့နယ် (၂) ရပ်ကွက်တို့ရှိ ဆီစက်တို့သို့ သွားရောက်၍ မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်းရှိ-မရှိ၊ Sprite အချိုရည်ကို တုပ၍ ထိုင်းဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြထားပြီး FDA ၏ ထောက်ခံချက်မပါရှိသော အစိမ်းရောင်ပလတ်စတစ်ဗူးများဖြင့် ထုပ်ပိုးထားသည့် Sprite အချိုရည်ဗူးများ ရောင်းချမှုရှိ-မရှိ၊ စားအုန်းဆီအမျိုးမျိုးအား သတ်မှတ်ရည်ညွှန်း ဈေးများဖြင့် ရောင်းချမှုရှိ-မရှိ၊ သိုလှောင်ထားမှု ရှိ-မရှိ၊ ပဲဆီနှင့်နေကြာဆီကြိတ်ခွဲ ထုတ်လုပ်မှုအခြေအနေ၊ ကုန်ကြမ်းရရှိမှုအခြေအနေနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ

# ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာ ပြည်နယ်များအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ဆောင်ရွက်မှုများအနေဖြင့်-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့နယ် မြေမြင့်ရပ်ကွက်၊ မြို့သစ်ကြီးရပ်ကွက်၊ ရွှေစက်ရပ်ကွက်၊ ရွှေပြည် သာရပ်ကွက်၊ ယုဇနရပ်ကွက်၊ ပမ္မတီးရပ်ကွက်၊ မန်ခိန်ရပ်ကွက်နှင့် တပ်ကုန်းရပ်ကွက်တို့ရှိ ကုန်မျိုးစုံဆိုင်များ၊ မြို့မရပ်ကွက်၊ စည်ပင်သာယာဈေးတိုက်တန်းတို့ရှိ ကုန်စုံဆိုင်များ၊ ရွှေညောင်ပင်ရပ်ကွက်ရှိ မုန့်တိုက်၊ ဧရာရပ်ကွက်ရှိဆေးဆိုင်၊ ဒူကထောင်ရပ်ကွက်ရှိ စတိုးဆိုင်၊ မိုးညှင်းမြို့ နားခါရပ်ကွက်၊ နတ်ကြီးကုန်း (ဗမာပိုင်း)ရပ်ကွက်၊ အုတ်ကျင်းရပ်ကွက်၊ မြို့မရပ်ကွက်နှင့် ရွာသစ်ကုန်းရပ်ကွက်တို့ရှိ ကုန်မျိုးစုံဆိုင်များ၊ အမှတ် (၁) နှင့် အမှတ် (၂) စည်ပင်သာယာဈေးတို့ရှိ ကုန်မျိုးစုံဆိုင်များ၊ ဓမ္မဥယျာဉ်ရပ်ကွက်ရှိ သောက်ရေသန့်စက်ရုံ၊ အုတ်ကျင်းရပ်ကွက်ရှိ ဆေးဆိုင်၊ မြို့မရပ်ကွက်နှင့် နမီးစုရပ်ကွက်ရှိ စတိုးဆိုင်များ၊ နားခါမြောက်ရပ်ကွက်ရှိ ပင်လယ်စာဆိုင်တို့သို့ သွားရောက်၍ ဘေးအန္တရာယ်ကင်းရှင်းမှုရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်းရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ဇွန်လအတွင်း နေရာစုံဖြန့်ကျက်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းအနေဖြင့် ဈေးတွင် ၃ ကြိမ်၊ ရပ်ကွက်ကုန်စုံဆိုင်များတွင် (၁၅) ကြိမ်၊ စက်ရုံအလုပ်ရုံများတွင် (၂) ကြိမ်၊ ဆေးဆိုင်များတွင် (၂) ကြိမ်၊ ကျောင်းမုန့်ဈေးဆိုင်တွင် (၁) ကြိမ်၊ အခြားနေရာများတွင် (၄) ကြိမ် စုစုပေါင်း (၂၇) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ရှိ ဖိုးလမင်းကုန်တိုက်နှင့် မင်္ဂလာဝင်းကုန်တိုက်တို့တွင် ရောင်းချနေသော စားသောက်ကုန်များ၊ အမှတ် (၇) ရပ်ကွက်အတွင်း ရောင်းချနေသော ရပ်ကွက်လက်လီဆိုင်များ၊ အမှတ် (၁) ရပ်ကွက်အတွင်း ရောင်းချနေသော ရပ်ကွက်လက်လီဆိုင်များသို့ သွားရောက်၍ အသင့်စားမုန့်အမျိုးမျိုးဖြစ်သည့် မီနီကိတ်၊ နို့ခရင်မ်ပေါင်မုန့်တို့တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ပြည့်စုံမှုရှိ-မရှိ၊ ထိုင်းဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြထားသော Sprite အမှတ်တံဆိပ် အချိုရည်ဘူးများ ရောင်းချနေမှု ရှိ-မရှိ Signal သွားတိုက်ဆေးအတုများ ရောင်းချနေမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေး

*စာမျက်နှာ ၁၃ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၂ မှအဆက်*

ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အစားအသောက်ရောင်းချသည့် ဝန်ဆောင်မှုနှင့်ပတ်သက်၍ ဘားအံမြို့ အမှတ် (၇) ရပ်ကွက်အတွင်း ရောင်းချနေသော စားသောက်ဆိုင် (၄) ဆိုင်သို့ သွားရောက်၍ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့ပေါ်ရှိ စားသောက်ကုန်များ၊ လူသုံးကုန်များနှင့် အရန်သင့်အစားအစာအမျိုးမျိုး လက်လီလက်ကားရောင်းချနေသော ကုန်စုံဆိုင်များ၊ အောင်သီဟရပ်ကွက်ရှိ ကိတ်မုန့်၊ ပေါင်မုန့်စသည့် မုန့်မျိုးစုံထုတ်လုပ် ဖြန့်ဖြူးရောင်းချနေသည့် မုန့်ဖိုလုပ်ငန်း၊ လွိုင်ကော်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းလွန်ကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းများသို့ သွားရောက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်မပါရှိသော အစိမ်းရောင်ပလပ်စတစ်ဘူးများဖြင့် ရောင်းချနေသော sprite အမှတ်တံဆိပ် အချိုရည်ဘူးများ ရောင်းချနေမှု ရှိ-မရှိ၊ မုန့်များတွင် ကုန်အညွှန်းအမှတ်အသား သတ်မှတ်ချက်များနှင့် ပြည့်စုံမှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ထို့အပြင် အစားအသောက်ရောင်းချသည့် ဝန်ဆောင်မှုနှင့်ပတ်သက်၍ လွိုင်ကော်မြို့ ဒေါ်နိုးကူးရပ်ကွက်နှင့် ရှမ်းစုရပ်ကွက်ရှိ Blueberry (1, 2, 3) စားသောက်ဆိုင်များသို့ သွားရောက်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်မြို့နယ် ပွဲရုံတန်း၊ မုရောင်း၊ ရွာသစ်၊ ခြောက်မိုင်ရပ်ကွက်၊ ပန်ပဲတန်း၊ ရွှေတောင်ရပ်ကွက်၊ မြိုင်သာယာရပ်ကွက်၊ ထားဝယ်စုရပ်ကွက်နှင့် အမှတ် (၂) အောက်ဈေး၊ ကွင်းရပ်ရပ်ကွက်၊ မောင်ငံဈေး၊ ဇေယျာမြိုင်ရပ်ကွက်၊ ငန်းတေးရပ်ကွက်များ၊ မုဒုံမြို့နယ် မြို့မ (၁) ရပ်ကွက်၊ ကျိုက်ဖနဲရပ်ကွက်နှင့် ပေါင်မြို့နယ် ဇင်းကျိုက်ရပ်ကွက်၊ ကျိုက်ထိုမြို့နယ် တံတားဖြူကျေးရွာ၊ ဘီးလင်းမြို့နယ် ဆရာစံရပ်ကွက်တို့တွင် စားအုန်းဆီလက်လီလက်ကားရောင်းချနေသော ဆိုင်များ၊ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်အတွင်းတို့ရှိ စက်သုံးဆီအရောင်းဆိုင်များ၊ ချောင်းဆုံမြို့နယ် အမှတ် (၂) မြို့မဈေး၊ မုံရွာမြို့ ရွှေဟသ်ာဈေး၊ ကျိုက်မရောမြို့ရှိ မြို့မဈေးနှင့် ရှင်စောပုရပ်ကွက်၊ သထုံမြို့ မြို့မဈေး၊ ကျိုက်ထိုမြို့နယ်ရှိ စတိုးဆိုင်များနှင့် ရှမ်းဈေး၊ ဘီလင်းမြို့ရှိ မင်္ဂလာဈေး၊ နှင်းပုလဲဈေးနှင့် ဘိုးရာဇာရပ်ကွက်၊ ပေါင်မြို့နယ်ရှိ နတ်ကြီးချောင်ရပ်ကွက်၊ ကဒုံစီးရပ်ကွက်နှင့် ပေါင်းရပ်ကွက်၊ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်နှင့် မောင်ငံရပ်ကွက်တို့ရှိ စားသုံးဆီအမျိုးမျိုး၊ Sprite အချိုရည်ဘူးများ၊ သွားတိုက်ဆေးများ၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချလျက်ရှိသော ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် မုန့်မျိုးစုံလုပ်ငန်း၊ သထုံမြို့နယ် အောက်ကျင်းရပ်ကွက်ရှိ မြေပဲလိပ်လုပ်ငန်း၊ ချောင်းဆုံမြို့နယ် အ. လ. က (ခွဲ) ဘိုးနတ်နှင့် အ. မ. က (လွန်)ကျောင်း ကန်ညီနောင်ရပ်တို့ရှိ ကျောင်းမုန့်ဈေးဆိုင်များသို့ သွားရောက်၍ စားသုံးဆီနှင့် စက်သုံးဆီများ ဈေးနှုန်းအဆမတန်မြင့်တင်ရောင်းချမှု ရှိ-မရှိ၊ အချိန်တွယ်ပြည့်မီမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည်စုံမှု ရှိ-မရှိ၊ တရားမဝင် Sprite အချိုရည်ဘူးများ ကုမ္ပဏီထုတ်ပုံစံတူ ရောင်းချခြင်းရှိ-မရှိ၊ အိမ်သုံးဆေးဝါးဈေးနှုန်းမြင့်တင် ရောင်းချမှုရှိ-မရှိနှင့် သက်တမ်းလွန်

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*